ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Republic of the Union of Myanmar

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

Ministry of Agriculture, Livestock and Irrigation

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# The Law Amending the Animal Health and Livestock Development Law

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )**

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**(State Administration Council Law No. 2/2025)**

**The 2nd Waning Day of Pyatho, 1386 M.E.**

**(15 January 2025)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )**

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ် တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့်ဖြစ်စေ၊ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ် ဆောင်ရွက်ခြင်း လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလည်း ပါဝင်သည်။

**Republic of the Union of Myanmar**

**State Administration Council**

# The Law Amending the Animal Health and Livestock Development Law

**(State Administration Council Law No. 2/2025)**

**The 2nd Waning Day of Pyatho, 1386 M.E.**

**(15 January 2025)**

The State Administration Council hereby enacts this law under section 419 of the Constitution of the Republic of the Union of Myanmar.

1. This Law shall be called **the Law Amending the Animal Health and Livestock Development Law**.

2. Subsections (b), (o) and (s) of Section 2 of the Animal Health and Livestock Development Law shall be substituted as follows:

“(b) **Livestock production** means breeding animals, production of animal products, livestock farming by any method or collection method, or establishment of animal quarantine stations except fisheries and fishery products. Such expression also includes the small-scale livestock farming and commercial livestock farming;

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့် လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့် လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှ တင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန် ကျန်းမာရေး ကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ မရှိ တို့ကို စစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။”

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (န)တွင် ပါရှိသော “သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊”

(o) **Slaughtering** means killing animals for commercial production or storage of animal products obtained from such killing animals;

(s) **Recommendation certificate** means a veterinary certificate issued for exported, imported, domestically produced or processed animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products, certifying the compliance with quality standards, good health status, and free from infectious animal diseases after examination by the Department;"

3. The expression "establishment of slaughterhouse or slaughtering" in subsection (t) of section 2 of the Animal Health and Livestock Development Law shall be deleted.

4. Subsection (e) of section 9 of the Animal Health and Livestock Development Law shall be substituted as follows:

"(e) establish checkpoints, animal quarantine stations, animal disease free zones and disease control zones, and take biosecurity measures in necessary areas;"

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊"

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း ဖြည့်စွက် ရမည်-

"(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်း တိုးခြင်းတို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြား အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

(ခ) မူလဥပဒေပုဒ်မခွဲ (ထ) ကို ပုဒ်မခွဲ (ဒ) အဖြစ် ပြန်လည် အမှတ်စဉ် ရမည်။

5. Subsection (i) of section 10 of the Animal Health and Livestock Development Law shall be substituted as follows:

"(i) issue a registration certificate for a slaughterhouse or slaughtering, renew registration, and inspect and oversee slaughterhouses and slaughtering;”

6. In section 11 of the Animal Health and Livestock Development Law,

(a) subsection (q) shall be inserted after subsection (p) as follows:

"(q) determine the service fee, registration fee, annual fee and other fees for issuance of recommendation certificate, permit, recognition certificate, registration certificate and renewal of registration under this Law, with the approval of Ministry;”

(b) previous subsection (q) shall be renumbered as subsection (r).

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေး ခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံး အဆောက် အအုံနှင့်ပစ္စည်းများ၊"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ကို "အာမခံကြေး၊ နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၉)၏ နောက်တွင် အခန်း(၉-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉ - က)**

**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ်**

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂-က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန် ထိန်းသိမ်း စောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

7. Clause (i) of subsection (a) of section 13 of the Animal Health and Livestock Development Law shall be substituted as follows:

"(i) veterinary services, livestock production, Livestock farms, breeder farms, hatcheries, and buildings and facilities used in business activities;"

8. The expression "damages, compensation or assistance" in Section 22 of the Animal Health and Livestock Development Law shall be substituted by the expression "a premium, damages, compensation and assistance".

9. After Chapter IX of the Animal Health and Livestock Development Law, Chapter IXA shall be inserted as follows:

**"Chapter (IXA)**

**Collection Farming and Establishment of Animal Quarantine Stations**

22A. The person or organization that wants to conduct collection Farming or establish animal quarantine stations shall apply for a permit to the Township Veterinary Officer of the Department in accordance with the stipulations.

၂၂-ခ။ ပုဒ်မ ၂၂-က ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂-ဂ။ ပုဒ်မ ၂၂-ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။”

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော “သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

22B. In respect of the application in section 22A, the Township Veterinary Officer, or the District Veterinary Officer, or the Region Veterinary Officer or State Veterinary Officer or Union Territory Veterinary Officer, or the Director General shall act in accordance with subsection (a) of section 17, or subsection (b) of section 17, or subsection (c) of section 17, or subsection (d) of section 17 respectively.

22C. The permit holder under section 22B shall:

(a) comply with the terms and conditions of the permit;

(b) accept the inspection of the Department;

(c) comply with this Law and rules, orders, directives and procedures issued under this Law."

10. The expression "or establish slaughterhouses or engage in slaughtering" in Section 23 of the Animal Health and Livestock Development Law shall be deleted.

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း (၁၁) ၏ နောက်တွင် အခန်း(၁၁-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

## "အခန်း (၁၁ - က)

## မှတ်ပုံတင်ခြင်း

၃၁-က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာ ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

11. Section 29 of the Animal Health and Livestock Development Law shall be substituted as follows:

"29. The Department may, with the approval of the Ministry, establish checkpoints and animal quarantine stations to inspect animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products to be exported or imported and inspect and oversee private animal quarantine stations."

12. After Chapter XI of the Animal Health and Livestock Development Law, Chapter XIA shall be inserted as follows:

**"Chapter XIA**

**Registration**

31A. The person or organization that want to breed animals; operate a livestock farm, breeder farm, hatchery, or apiculture; engage in domestic production of or processing or sale of animals, animal products, genetically modified organisms, animal feed, veterinary medicinal products and animal equipment; or operate a slaughterhouse or engage slaughtering shall apply for registration, according to the relevant type of item and type of business, to the respective Township Veterinary Officer in accordance with the stipulations.

၃၁-ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၃၁-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်း အမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိ သည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

31B. (a) The Township Veterinary Officer:

(i) may grant or refuse registration after scrutinizing the application in accordance with the stipulations upon receipt of the application under section 31A;

(ii) shall issue the registration certificate to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is a type of item and type of business for which the said Officer is authorized to grant registration. The applicant shall be informed that he or she may reapply for registration in accordance with the stipulations, if the application is rejected;

(iii) shall submit the application to the District Veterinary Officer if it is the type of item and type of business for which he or she is unauthorized to grant the registration.

(b) The District Veterinary Officer:

(i) may grant or refuse registration after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) of subsection (a);

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ ဆက်လက် တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့် အခါ သတ်မှတ်ချက်များနှင့် ညီမညီ စိစစ်၍ မှတ်ပုံတင်ခွင့် ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ii) shall issue a registration certificate to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is a type of item and type of business for which the said Officer is authorized to grant registration. The applicant shall be informed that he or she may reapply for registration in accordance with the stipulations, if the application is rejected;

(iii) shall submit the application to the Region, State or Union Territory Veterinary Officer if it is a type of item and type of business for which he or she is unauthorized to grant registration.

(c) The Region, State or Union Territory Veterinary Officer:

(i) may grant or refuse registration after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) of subsection (b);

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့် အခါ သတ်မှတ်ချက်များနှင့် ညီမညီ စိစစ်၍ မှတ်ပုံတင်ခွင့် ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(ii) shall issue a registration certificate to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is a type of items and type of business for which the said Officer is authorized to grant registration. The applicant shall be informed that he or she may reapply for registration in accordance with the stipulations, if the application is rejected;

(iii) shall submit the application to the Director General if it is a type of item and type of business for which he or she is unauthorized to grant registration.

(d) The Director General:

(i) may grant or refuse registration after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) subsection (c);

(ii) shall issue a registration certificate to the applicant by causing to pay the prescribed fees if the application meets the stipulated requirements. The applicant shall be informed that he or she may reapply for registration in accordance with the stipulations, if the application is rejected.

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။"

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၇ ခေါင်းစဉ်၊ ပုဒ်မ ၃၇ ပုဒ်မခွဲ (ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခေါင်းစဉ်တွင် ပါရှိသော "ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၄ နှင့် ၄၉ တို့တွင်ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း"နှင့် "သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း"ဆိုသည့် စကားရပ်တို့ကို "သားသတ်ရုံလုပ်ငန်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

31C. A holder of registration certificate shall:

(a) comply with the terms and conditions of the registration certificate;

(b) accept the inspection of the Department;

(c) inform promptly the Department of the occurrence of suspicious infectious animal disease in the worksite, if it is found;

(d) strictly comply with the instructions of the Department after informing under subsection (c).”

13. The expression "permit or recommendation certificate" in the introduction of Section 37, subsections (c) and (d) of Section 37, in the introduction of Section 42, 43 and 48 shall be substituted by the expression “permit, recommendation certificate or registration certificate” respectively.

14. The expression "establish slaughterhouse” in subsection (c) of Section 42, Section 44 and 49 of the Animal Health and Livestock Development Law shall be substituted by the expression “operate a slaughterhouse.”

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၃ ၏ နောက်တွင် ပုဒ်မ ၅၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့် အခြားအခ ကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင် သည်။"

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၅-က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင် သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

15. After Section 53 of the Animal Health and Livestock Development Law, Section 53A shall be inserted as follows:

"53A. The Ministry may grant exemptions from service fees and other charges, in whole or in part, in the public interest.”

16. After Section 55 of the Animal Health and Livestock Development Law, section 55A shall be inserted as follows:

"55A. Rules, procedures, orders and directives issued under the Animal Health and Development Law which is repealed under this Law may be applied so far as they are not contrary to this Law.”

---

I hereby sign under section 419 of the Constitution of the Republic of the Union of Myanmar.

(Sd.) Min Aung Hlaing

Senior General

Chairman

State Administration Council